# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 21 , 2023 | Volume 63, Number 15


**၂၁.၂.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၃၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၇၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၈.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၆.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၄၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၆၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၇၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၇၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် (၁/၂၀၂၃) ပုံမှန်အစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်(၁/၂၀၂၃) ပုံမှန်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်၊ နံနက် (၁၀:၀၀) နာရီချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ-၁ ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ကော်မရှင်သို့ တိုင်ကြားမှုများအပေါ် ဆုံးဖြတ်ချက်ချမှတ်ခြင်းကိစ္စများ၊ ယှဉ်ပြိုင်မှုဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများအပေါ် အများပြည်သူက လွယ်ကူစွာသိရှိ နားလည်စေရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ယှဉ်ပြိုင်မှုဥပဒေနှင့် နည်းဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၂၃ ခုနှစ်အတွင်း ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%8

## ကြက်သွန်နီ ဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ် ပိဿာချိန် ၁၂၀၀၀ ခန့် ဝင်ရောက်လျက်ရှိပါသည်။ ပွဲရုံသို့ဝင်ရောက်လာသော ကြက်သွန်နီများ ဒေသတွင်း အဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့်ချင်းတွင်းအထက် မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်းသိရသည်။

ယခုအပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော ကြက်သွန်နီ တစ်ပိဿာ လက်ကားဈေးနှုန်းများမှာ (ကြီး) (၁၂၅၀-၁၁၀၀)ကျပ်၊ (လတ်) (၁၀၀၀-

၈၅၀) ကျပ်၊ (သေး) (၈၀၀-၇၀၀)ကျပ်၊ အသေးဆုံးအစမှာ (၄၀၀-၅၀၀)ကျပ်နှုန်းနှင့် အလုံးဆိုက်၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုများရှိပါသည်။ လက်လီတစ်ပိဿာဈေးနှုန်းများမှာ (ကြီး) (၁၈၀၀-၁၆၀၀) ကျပ်၊ (လတ်)(၁၅၀၀-၁၄၀၀) ကျပ်၊ (သေး) (၁၂၀၀-၈၀၀) ကျပ်ရှိပါသည်။ ယခင်အပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ် ကျဆင်းလာကြောင်းသိရပါသည်။ ကြက်သွန်ဖြူ လက်လီတစ်ပိဿာဈေးနှုန်းမှာ (ဗမာ) (၅၀၀၀-၅၅၀၀)ကျပ်၊ (ရှမ်းစ) (၄၀၀၀-၄၅၀၀)ကျပ်၊ ကြူကုတ် (၄၈၀၀-၅၅၀၀)ကျပ်ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်ပြီး အသီးသီးအရောင်းအဝယ် ဖြစ်နေကြောင်းသိရသည်။

**Source: ဇေယျာကုန်သွယ်မှုဗဟိုဌာန**

## မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်မှ ကျင်စန်းကျော့လမ်းပိုင်းတွင် ကုန်တင်မော်တော်ယာဉ်မောင်းများ တိုက်ရိုက်မောင်းနှင်ခွင့်ရရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်မှ ကျင်စန်းကျော့လမ်းပိုင်းတွင် မောင်းနှင်လျက်ရှိသော ကုန်တင်မော်တော်ယာဉ်မောင်းများအနေဖြင့် တရုတ်နိုင်ငံသို့ တိုက်ရိုက်မောင်းနှင်ခွင့်ရရှိပြီဖြစ်ကြောင်း မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ထိုသို့မောင်းနှင်ခွင့်ရရှိရာတွင် တရုတ်နှင့်မြန်မာနိုင်ငံတို့ကြား ကုန်သွယ်မှုအတွက် အကောက်ခွန်ရှင်းလင်းရေး အဆင်ပြေချောမွေ့စေရန် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ မြန်မာယာဉ်မောင်းနှင့်ခရီးသည်များအား သက်ဆိုင်ရာ တရုတ်အကောက်ခွန်နှင့် နယ်စပ်စစ်ဆေးရေး လုပ်ထုံးလုပ်နည်းများအတိုင်းစစ်ဆေး၍ ဝင်ရောက်ခွင့်ပြုနေခြင်းဖြစ်သည်။ “ကျင်စန်းကျော့လမ်းပိုင်းမှာ ကုန်တင်မော်တော်ယာဉ်မောင်းတွေ တိုက်ရိုက်မောင်းဝင်လို့ရပါပြီ။ စာအုပ်အနီ (မြန်မာ-တရုတ်နယ်စပ်သွားလာခွင့်လက်မှတ်) ကိုင် ဆောင်သူသာဖြစ်ရပါမယ်။ စာအုပ်အနီမရှိ သေးတဲ့ ယာဉ်မောင်းတွေအနေနဲ့ နီးစပ်ရာ ဒေသခံယာဉ်မောင်းတွေနဲ့ ညှိနှိုင်းပြီး မောင်းနှင်နိုင်ပါတယ်။ တရုတ်နိုင်ငံဘက်မှာ ယာဉ်မောင်း အစားထိုးမှု (ရှန်တိန်)မရှိတော့ပါဘူး”ဟု ၎င်းကပြောသည်။

ယခင်က အစားထိုး ယာဉ်မောင်းများဖြင့်သာ ဝင်ရောက်ခွင့်ရ၍ အခက်အခဲများ ရှိပြီး ယခုကဲ့သို့ ပြောင်းလဲလိုက်သည့်အတွက် ပိုမိုအဆင်ပြေနိုင်ကြောင်း၊ ထို့ပြင် Border Trade 2.0 System အား အဆင့်မြှင့်တင်ထားသဖြင့် ခါလီတန်ချိန်၊ ကုန်ချရမည့်ဆိပ်ကမ်း၊ သစ်သီးတင်ဆောင်လာသောယာဉ်ပုံများနှင့် ရောဂါပိုးမွှားဆေးစစ်ချက်မှတ်တမ်းများကို အချက်အလက်မှတ်တမ်းတင်ပြီးပါက တရုတ်နိုင်ငံဘက်သို့ နောက်တစ်ကြိမ် ပြန်လည်ဝင်ရောက်ရာတွင် အလွယ်တကူဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့ရှိ မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန် ကျင်စန်းကျော့နှင့် ဝမ်တိန်ကုန်သွယ်ရေးဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆန်၊ ဆန်ကွဲ၊ ဖရဲ၊ သခွား၊ ရော်ဘာ၊ နှမ်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီးသီးခြောက်၊ ရေထွက်ကုန်များအပါအဝင် လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်များ တင်ပို့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/37183

## ပဲ၊ နှမ်း ဈေးကွက်တွင် ပဲစင်းငုံ(ဖြူ)(နီ) အရောင်းအဝယ်သွက်၍ ဈေးကောင်းရရှိ

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ) အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူးထံမှ သိရ သည်။

ပဲ၊ နှမ်းစသည့် ကုန်စည်များတွင် ယခင်က ပဲစင်းငုံ(ဖြူ)နှင့်ပဲစင်းငုံ(နီ)မှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း ယခုလက်ရှိတွင် ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ)များကို ကုန်သည်များ ဝယ်ယူမှုများပြားလာသဖြင့် အရောင်းအဝယ်ကောင်းမွန်လာကြောင်းသိရသည်။

“ပဲစင်းငုံ(ဖြူ)နှင့် ပဲစင်းငုံ(နီ)က အရင်တစ်ပတ်လောက်က အရောင်းအဝယ်သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး၊ အခုလက်ရှိ မှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ

ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်” ဟု ၎င်းကပြောသည်။

မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ဖေဖော်ဝါရီ ၆ ရက်ပေါက်ဈေးအရ ပဲစင်းငုံ (ဖြူ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၂,၀၀၀၊ ပဲစင်းငုံ(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀,၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက် ဈေးအရ ပဲစင်းငုံ (ဖြူ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၂,၀၀၀၊ ပဲစင်းငုံ(နီ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၉၀,၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅,၀၀၀၊ နှမ်းနက် (စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင် များ မဟာကထိန်တော်အသင်း (မန္တလေးကုတ်စည်ဒိုင်) မှ သိရသည်။

Source: YDNP

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar.html

## ထိုင်း CP Foods အရှေ့အလယ်ပိုင်းဒေသမှာ ပုစွန်နှင့်ကြက်မွေးမြူမည်




https://www.foodindustrydirectory.com.mm

ထိုင်းနိုင်ငံမှ CP Foods သည် ၂၀၂၂ မတ်လတွင် ဆော်ဒီအာရေဗျ နိုင်ငံသို့ ၎င်း၏ကြက်သားထုတ်ကုန်များကို ၁၈ နှစ်အတွင်း ပထမဆုံး အသုတ်ကို တင်ပို့ရောင်းချခဲ့သည်။

ထိုင်းလယ်ယာစီးပွားလုပ်ငန်းကြီးဖြစ်သည့် Charoen Pokphand Foods -CP Foods သည် ဆော်ဒီအာရေဗျသို့ ကြက်သားတင်ပို့မှုကို ပြန်လည်စတင်ပြီးနောက် အရှေ့အလယ်ပိုင်းဒေသသို့ တိုးချဲ့ရန် လမ်းကြောင်းသစ်များရှာဖွေနေသည်။ CP Foods သည် အရှေ့အလယ်ပိုင်းဒေသတွင်းမှာ ပုစွန်နှင့်ကြက်မွေးမြူရန်ဖြစ်နိုင်ခြေကိုလေ့လာနေကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။ မည်သည့် နိုင်ငံများတွင် လုပ်ကိုင်မည်ဆိုသည်ကို ပြောကြားခြင်းမပြုသေးပေ။ ရင်းနှီးမြှုပ်နှံမှု ဘတ် ၁ ဘီလီယံ (ဒေါ်လာ သန်း ၃၀ ခန့်) ခန့်မှန်းထားသည်။

Charoen Pokphand Group- CP Group သည် ထိုင်းနိုင်ငံ၏ အကြီးဆုံးကုမ္ပဏီစုဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသတွင် လက်ရှိမှာ တူရကီနိုင်ငံတွင်သာ လုပ်ကိုင်လျက်ရှိသည်။ အရှေ့တောင်အာရှနှင့်ဥရောပဒေသများတွင် ခြေကုပ်ရယူထားပြီးပြီ ဖြစ်သည်။ ထိုင်းနှင့်ဆော်ဒီအာရေးဗီးယားတို့ကြား ဆက်ဆံရေးနွေးထွေးလာချိန်တွင် ယခုကဲ့သို့ တိုးချဲ့လာခြင်းဖြစ်သည်။

၁၉၈၉ ခုနှစ်တွင် ဆော်ဒီနန်းတော်မှ ရတနာများ ကန်ဒေါ်လာ သန်း ၂၀ ဖိုးကို ထိုင်းရွှေ့ပြောင်းလုပ်သားက ခိုးယူမှုနှင့် နောက်ဆက်တွဲအဖြစ် ဘန်ကောက်ရှိ ဆော်ဒီသံတမန်များကို သတ်ဖြတ်မှုများပေါ်ပေါက်ခဲ့ပြီးနောက် နှစ်ပေါင်းများစွာ ဆက်ဆံရေး အေးခဲနေခဲ့ရာမှ ယခုအခါ သံခင်းတမန်ခင်း ပြန်လည်စတင်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် သံတမန် ဆက်ဆံရေး အပြည့်အဝပြန်လည်ထူထောင်ရန် သဘောတူညီချက်ရရှိခဲ့ကြသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ ပြန်လည်စတင်ခဲ့ကြသည်။ ပုံမှန်လေကြောင်း ခရီးစဉ်များ ပြန်လည်ပျံသန်း ပြေးဆွဲခဲ့ပြီး ခရီးသည်များနှင့်ကုန်စည်များ အပြန်အလှန်စီးဆင်းခဲ့ပါသည်။ CP Foods သည် ဆော်ဒီအာရေဗျနိုင်ငံသို့ ၁၈ နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကြက်သားထွက်ကုန်များ တင်ပို့ခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ မတ်လတွင် တန်ချိန် ၆၀၀ တင်ပို့ခဲ့သည်။ ၅နှစ်တာကာလအတွင်း တန်ချိန် ၆၀,၀၀၀ တင်ပို့ရန် ရည်မှန်းထားသည်။ စီအီးအို Prasit Boondoungprasert က စုစုပေါင်းရောင်းအားသည် ၂၀၂၂ ခုနှစ်တွင် ၂၀% တိုးလာသည်ဟု ပြောကြားခဲ့သည်။ ယခုအခါ ကုမ္ပဏီဝင်ငွေ၏ ၆၀% ကို ထိုင်းနိုင်ငံ ပြင်ပမှရရှိပါသည်။

**Source Asia Nikkei**

**https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/5773-thai-cp-foods-to-raise-shrimp-and-chicken-in-the-middle-east-region.html**

## အင်ဒိုနီးရှား စားအုန်းဆီတင်ပို့မှု ပါမစ်အချို့ ရပ်ဆိုင်းထား



https://www.foodindustrydirectory.com.mm

ကမ္ဘာ့ထိပ်တန်း စားအုန်းဆီတင်ပို့သည့် အင်ဒိုနီးရှားသည် "ပြည်တွင်းဈေးကွက် တာဝန်ဝတ္တရား"Domestic Market Obligation" (DMO) ဟုခေါ်သည့် မူဝါဒအရ စားအုန်းဆီကုမ္ပဏီများအား ပြည်တွင်းဈေးကွက်သို့ ရောင်းချသည့် စားအုန်းဆီပမာဏ၏ အချိုးကျပမာဏဖြင့် ပြည်ပပို့ကုန်ခွဲတမ်းများ ထုတ်ပေးပါသည်။

လာမည့်အစ္စလာမ့်ပွဲတော်များမတိုင်မီ ဟင်းချက်ဆီဈေးနှုန်းများ မြင့်တက်နေချိန်တွင် ပြည်တွင်းထောက်ပံ့မှု လုံလုံလောက်လောက် ရရှိစေရန် စားအုန်းဆီတင်ပို့ခွင့်ပါမစ်အချို့ကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း အကြီးတန်းအစိုးရအဖွဲ့ဝန်ကြီး Luhut Pandjaitan က ၎င်း၏တရားဝင် Instagram အကောင့်တွင် ပြောကြားခဲ့သည်။

စားအုန်းဆီတင်ပို့ရောင်းချသူများသည် ယမန်နှစ်က ကြီးမားသော တင်ပို့မှုခွဲတမ်းများ စုဆောင်းရရှိခဲ့သဖြင့် ယခုအခါ ပြည်တွင်းဈေးကွက်ကိုရောင်းချရန် စိတ်ဝင်စားမှုအနည်းငယ်သာရှိကြောင်း ၎င်းကပြောသည်။ "ပြည်တွင်းဈေးကွက် တာဝန်ဝတ္တရား" (DMO) အချိုးသတ်မှတ်ချက်မှာ ၆:၁ ဖြစ်သည်။ ပြည်တွင်းရောင်းချခဲ့သည့် ပမာဏ၏ ၆ ဆ ကို ပြည်ပသို့တင်ပို့ရန် ပို့ကုန်ခွဲတမ်းရရှိသည်။

Luhut က "ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အခြေအနေငြိမ်သက်ပြီးနောက် ၎င်းပို့ကုန်ခွဲတမ်းအခွင့်အရေးများကို အသုံးပြုနိုင်သည်"ဟု အသိပေးထားသည်။ ရေကြောင်းနှင့်ရင်းနှီးမြှုပ်နှံမှု ညှိနှိုင်းရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ Firman Hidayat က လက်ရှိ ပေးပြီးသား ပို့ကုန်ခွဲတမ်းများ၏ သုံးပုံတစ်ပုံခန့်ကို ယခု အသုံးပြုနိုင်ပြီး ကျန်သည်တို့ကို မေလ ၁ ရက်နေ့ နောက်ပိုင်းတွင် အသုံးပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

၂၀၂၃ ဇန်နဝါရီလကုန်တွင် စားအုန်းဆီတင်ပို့သူများသည် ပို့ကုန်ပါမစ်တန်ချိန် ၅ ဒသမ ၉ သန်းခန့် လက်ထဲ ကိုင်ဆောင်ထားကြောင်း Firman မှ ပြောကြားခဲ့ပါသည်။ ပို့ကုန်လုပ်ငန်းရှင်များသည် ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချပေးခြင်းဖြင့် ၎င်းတို့၏ခွဲတမ်းကို တိုးမြှင့်နိုင်သည်ဟု ၎င်းကဆိုသည်။

ဈေးနှုန်းသက်သာသော ဟင်းချက်ဆီအထုပ်များသည် ဝယ်ယူရရှိရန်ခက်ခဲနေပြီး အစိုးရကန့်သတ်ဈေး တစ်လီတာလျှင် ၁၄၀၀၀ ရူပီယာနှုန်းထက် မြင့်သည့်ဈေးနှုန်းများဖြင့် ရောင်းချခိုင်းကြောင်း လက်လီရောင်းချသူများက တိုင်ကြားထားသည်။

စားအုန်းဆီကုမ္ပဏီများသည် ယခင်က အကြမ်းဖျင်းအားဖြင့် တစ်လလျှင် တန်ချိန် ၃၀၀,၀၀၀ ကို ပြည်တွင်းဈေးကွက်ထဲသို့ ရောင်းချကြရသည်။ ယခု ဧပြီလအထိ တစ်လလျှင် တန်ချိန် ၄၅၀,၀၀၀ သို့ တိုးမြှင့်ရန် ကုန်သွယ်ရေးဝန်ကြီးဌာနက အမိန့်ထုတ်ထားသည်။

အစ္စလမ်ဘာသာဝင်များ၏ ရမ်ဇာန်လနှင့် Eid al-Fitr ပွဲတော်မတိုင်မီ အစားအသောက်ဈေးနှုန်းများသည် ပုံမှန်အားဖြင့် မြင့်တက်လေ့ရှိသည်။ ယခုနှစ်တွင် ဧပြီလမှာ ကျရောက်မည်ဖြစ်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5776-some-indonesian-palm-oil-export-permits-suspended.html

## ရန်ကုန်-မြဝတီလမ်းပိုင်း ကုန်တင်ကား ငှားရမ်းခဈေး နှစ်ဆကျော်မြင့်တက်

ရန်ကုန်-မြဝတီလမ်းပိုင်း စစ်ဆေးရေးကြာမြင့်မှုများကြောင့် ယခုလအတွင်း ကုန်တင်ကားငှားရမ်းခ ဈေးနှစ်ဆကျော် မြင့်တက်လာကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ယခင်က ရန်ကုန်-မြဝတီလမ်းကြောင်းတွင် တန် ၃၀ ဆံ့ ကုန်တင်ကားတစ်စီး ငှားရမ်းခ ကျပ်ကိုးသိန်းဝန်းကျင်သာ ရှိသော်လည်း လက်ရှိ၌ ကျပ်သိန်း ၂၀ ကျော်အထိ ဈေးနှုန်းနှစ်ဆကျော် မြင့်တက်နေခြင်းဖြစ်သည်။

အဆိုပါ လမ်းပိုင်းတွင် ညောင်ခါးရှည်စစ်ဆေးရေးဂိတ်၊ မုပ္ပလင်စစ်ဆေးရေးဂိတ်၊ ဘားအံစစ်ဆေးရေးဂိတ်၊ တံတားကြီးစစ်ဆေးရေးဂိတ်၊ ကော့ကရိတ်စစ်ဆေးရေးဂိတ်၊ မြဝတီစစ်ဆေးရေးဂိတ် စသည့်ဂိတ်များကို ဖြတ်သန်းသွားလာရသည့်အတွက် နှစ်ရက်ခန့်သာသွားရမည့် ခရီးထက် အချိန်ပေးရကြောင်း သိရသည်။

ယင်းအပြင် လက်ရှိအချိန်သည် ထိုင်းနိုင်ငံဘက်သို့ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းကုန်စည်ကဲ့သို့သော ကုန်စည်များတင်ပို့ ခွင့်ရရှိ ချိန်ဖြစ်သည့်အတွက်ကားငှားရမ်းလိုသူများ မြင့်တက်ချိန်ဖြစ်သောကြောင့်လည်း ကားငှားရမ်းခဈေးနှုန်းများမြင့်တက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ ယခုရက်ပိုင်း အတွင်း ပြောင်းတွဲကားအစီးရေ ၁၀၀ ခန့်တင်ပို့နေပြီး ပုံမှန်အားဖြင့် တွဲကားအစီးရေ ၅၀၀ ဝန်းကျင်အထိ တင်ပို့နိုင်သော်လည်း မြဝတီကုန်သွယ်ရေးဇုန်တွင် စစ်ဆေးမှုကြန့်ကြာမှုများကြောင့် အခက်အခဲတချို့ရှိနေကြောင်း သိရသည်။

ထိုသို့ သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်လာသည့်အတွက် ယခင်က ပြောင်းတစ်အိတ် သယ်ယူပို့ဆောင်စရိတ်မှာ ကျပ် ၂၀၀၀ ဝန်းကျင်မှ လက်ရှိတွင် ကျပ် ၃၀၀၀ ဝန်းကျင်အထိရှိလာကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## STOCK EXCHANGE (21.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,443 (Shares) | 15,275,800 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,400 | 26 | 219,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 2,427 | 7,585,100 | 38,929,150 | 120,680 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 63 | 472,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 3,837 | 6,575,700 | 29,664,613 | 51,913 |
| TMH | 00005 | 2,600 | +50 | +1.96% | 2,600 | 2,600 | 2,600 | 7 | 18,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 1 | 2,700 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,200 | 5,200 | 4,900 | 82 | 402,100 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 21st Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.66 | +0.39 | +0.10% | 383.55 | 383.55 | 380.66 | 6,443 | 15,275,800 | 7 | 670,749 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Feb. 2023

| Trading Volume | Trading Value |
|---|---|
| 6,443 (Shares) | 15,275,800 (MMK) |

### Main Board

As of 1:00 pm, 21st Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,443 (Shares) | 15,275,800 (MMK) |

| MYANPIX | 380.66 ▲ 0.39 |
|---|---|
| Total Volume (shares) | 6,443 |
| Total Value (MMK) | 15 mil |
| Listed Company | 7 |
| Market Cap. (MMK) | 670,749 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR